# မြန်မာနိုင်ငံရှိ စီမံကိန်းလုပ်ငန်းများအတွက် မဟာဗျူဟာ အကျဉ်းချုပ်

## ၂၀၁၃- ၂၀၁၈



THE LUTHERAN WORLD FEDERATION

လူသာရမ်ဝါလ်ဖယ်ဒရေးရှင်း - မြန်မာနိုင်ငံစီမံကိန်း

ကမ္ဘာလုံးဆိုင်ရာ လူမှုအကူအညီပေးရေးဌာန

# မြန်မာနိုင်ငံရှိ စီမံကိန်းလုပ်ငန်းများအတွက် မဟာဗျူဟာ အကျဉ်းချုပ်

## လူသာရမ်ဝါလ်ဖယ်ဒရေးရှင်း - မြန်မာနိုင်ငံ( LWF မြန်မာ)

LWF သည် ကမ္ဘာတစ်ဝှမ်း အယူအဆတူသူများဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ ၁၉၄၇ ခုနှစ်တွင် ဆွီဒင်နိုင်ငံ၊ လမ်ဒ်မြို့တွင် စတင်ဖွဲ့စည်းခဲ့ပြီး ယခုအခါ ကမ္ဘာတစ်ဝှမ်းနိုင်ငံပေါင်း (၇၉)နိုင်ငံတွင် အဖွဲ့ဝင်ပေါင်း (၁၄၅) ဖွဲ့ရှိပါသည်။ လူ့အခွင့်အရေးအခြေပြုနည်းလမ်းဖြင့် ကယ်ဆယ်ရေး၊ ပြည်လည်ထူထောင်ရေး၊ ဒုက္ခသည်များအား အကူအညီပေးရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးလုပ်ငန်းများကို လွန်ခဲ့သောနှစ်ပေါင်း (၆၀)ကျော်ကတည်းကပင် စတင်လုပ်ဆောင်ခဲ့ပါသည်။ အကူအညီပေးရေး နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ကိုင်ရန်အတွက် ကမ္ဘာလုံးဆိုင်ရာလူမှုအကူအညီပေးရေးဌာနကို ဖွဲ့စည်းထားပါသည်။ LWF သည် လူမျိုး၊ ကျား-မကွဲပြားမှု၊ ဘာသာရေး၊ တိုင်းရင်းသားမျိုးနွယ် (သို့) နိုင်ငံရေးယုံကြည်ချက်ကွဲပြားခြင်းကို အရေးမထားဘဲ လူသားအားလုံးကို တူညီသော အကူအညီများ ပေးလျက်ရှိပါသည်။

LWFသည် ၂၀၀၈ ခုနှစ်တွင် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၌ နာဂစ်မုန်တိုင်းဒဏ်ခံစားရသူများအား ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ပံ့ပိုးပေးခြင်းဖြင့် မြန်မာနိုင်ငံတွင် စီမံကိန်းများကို စတင်ခဲ့ပါသည်။ ပြန်လည် ထူထောင်ရေးကာလလွန်ပြီးနောက် LWF သည် ဘက်စုံကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်းအား ထိုကျေးရွာများ၌ပင် ဆက်လက် လုပ်ဆောင်ခဲ့သည်။ ထိုစီမံကိန်းမှတစ်ဆင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေး ဖြစ်လာစေရန် ရပ်ရွာလူထု ဦးဆောင်မှုဖြင့် ရေးဆွဲထားသော လုပ်ငန်းစဉ်များကို ပံ့ပိုးပေးခြင်းဖြစ်သည်။

မူပိုင်ခွင့် © ၂၀၁၂ LWF မြန်မာ
စီမံချက်ကန့်သတ်

# မာတိကာ

**အပိုင်း ၁ - နိုင်ငံ၏နောက်ခံသမိုင်းနှင့် အချက်အလက်များ**

၁. ၁ မြန်မာနိုင်ငံ၏ နောက်ခံသမိုင်း

၁. ၂ စီမံကိန်း နောက်ခံအချက်အလက်

၁. ၃ မြန်မာနိုင်ငံရှိ LWF ၏လုပ်ငန်းများ

၁. ၄ LWFအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများ

**အပိုင်း ၂ - မြန်မာနိုင်ငံတွင် ဆောင်ရွက်မည့် စီမံကိန်းအစီအစဉ်များ**

၂. ၁ စီမံကိန်းမဟာဗျူဟာ ဦးတည်ချက်များ

၂. ၂ မဟာဗျူဟာ နည်းလမ်းများ

၂. ၃ စီမံကိန်းဆောင်ရွက်ရန်လျာထားသည့် ဒေသများ

၂. ၄ ဦးတည်အုပ်စုများ

၂. ၅ မဟာမိတ်အဖွဲ့များ

၂. ၆ စီမံကိန်းကာလ

၂. ၇ ရေရှည်တည်တံ့အောင် လုပ်ဆောင်ခြင်း

**အပိုင်း ၃ - အရင်းအမြစ်များ**

**အပိုင်း ၄ - စီမံခန့်ခွဲမှု**

၄. ၁ အန္တရာယ်ဖြစ်နိုင်ချေနှင့် ကြိုတင်မှန်းဆချက်

၄. ၂ လုပ်ငန်းများအား ပြန်လည်သုံးသပ်သည့် နည်းလမ်းများ

၄. ၃ စီမံခန့်ခွဲမှုဖွဲ့စည်းပုံ

# အပိုင်း၁ နိုင်ငံ၏နောက်ခံသမိုင်း နှင့် အချက်အလက်များ

## ၁. ၁ မြန်မာနိုင်ငံ၏ နောက်ခံသမိုင်း

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသအတွင်းရှိ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ ကမ္ဘာ့ဘဏ် အစီရင်ခံစာအရ စုစုပေါင်းပြည်တွင်းထွက်ကုန် (ဂျီဒီပီ) ဖွံ့ဖြိုးမှုနှုန်းမှာ ၂၀၁၀ခုနှစ်တွင် (၁၀. ၄%)နှင့် လူသားဖွံ့ဖြိုးရေးအညွှန်းကိန်း တိုးတက်မှုမှာ ၂၀၀၀-၂၀၁၁ ခုနှစ်တွင် (၂. ၂၁) ရှိပါသည်။ သို့ရာတွင် စီးပွားရေးတိုးတက်မှု၏ အကျိုးကို ရရှိခံစားရာ၌ ကျေးလက်(လူဦးရေ၏၇၀%ခန့်) နှင့် မြို့ပြကွာဟမှုရှိပြီး ကျေးလက်ဒေသများသည် အကျိုးခံစားရမှု လျော့နည်းနေပါသည်။ ထိုအထဲတွင် အချို့သော တိုင်းရင်းသားအုပ်စုများနှင့် ရွှေ့ပြောင်းလုပ်သားများကဲ့သို့ ထိခိုက်ခံစားလွယ်သည့် အုပ်စုများလည်း ပါဝင်ပါသည်။ နိုင်ငံ၏ လူဦးရေ စုစုပေါင်းမှာ (၅၉)သန်းခန့်ရှိပြီး ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း အစရှိသော တိုင်းရင်းသားလူမျိုး (၁၃၅)စု ရှိပါသည်။

## ၁. ၂ စီမံကိန်း နောက်ခံအချက်အလက်

လူသာရမ်ဝါလ်ဖယ်ဒရေးရှင်း(LWF)သည် ၂၀၀၈ခုနှစ်တွင် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ နာဂစ်မုန်တိုင်းဒဏ်သင့်ပြည်သူများအား အကူအညီပေးရေးလုပ်ငန်းကို လုပ်ဆောင်ခြင်းဖြင့် မြန်မာနိုင်ငံ၌ စီမံကိန်းလုပ်ငန်းများကို စတင်ခဲ့ပါသည်။ LWF မြန်မာသည် ဒေသဆိုင်ရာအာဏာပိုင်များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် လက်တွဲကာ လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိပါသည်။ LWF မြန်မာသည် ၎င်း၏ အချိန်နှင့် အရင်းအမြစ်များကို မိတ်ဖက်အိမ်ထောင်စုများ၊ ဦးတည်အုပ်စုများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ(VDCs) နှင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် အဓိကအသုံးပြုပါသည်။ သို့ရာတွင် အရေးပါသည့် ဒေသခံခေါင်းဆောင်များ၊ ရပ်မိရပ်ဖများ၊ ကနဦးအပြောင်းအလဲကို လက်ခံသူများနှင့် ဆန်းသစ်ပြောင်းလဲလိုသူများသည် ရပ်ရွာလူထုကို ဒေသတွင်းစီမံချက်များတွင် ပါဝင်လာစေရန် တွန်းအားပေးရာ၌ အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ ထို့ကြောင့် ၎င်းတို့နှင့်လည်း ယုံကြည်မှု တည်ဆောက်ပြီး ပူးပေါင်းဆောင်ရွက်ရန် အရေးကြီးပါသည်။ ထို့ကြောင့်LWF မြန်မာမှ ကျင့်သုံးသော လူ့အခွင့်အရေးအခြေပြုစွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း နည်းလမ်းတွင် ဘက်ပေါင်းစုံကွန်ရက်ချိတ်ဆက်လုပ်ဆောင်ခြင်းနှင့် အသိပေး ရှင်းလင်းခြင်းတို့သည် တစ်စိတ်တစ်ဒေသ ပါဝင်လျက်ရှိပါသည်။



## ၁.၃ မြန်မာနိုင်ငံရှိ LWF ၏လုပ်ငန်းများ

LWF သည် ACT Alliance ၏ အဖွဲ့ဝင်အဖွဲ့အစည်းတစ်ခု ဖြစ်ပြီး နာဂစ်မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုကို အကူအညီပေးရန် ၂၀၀၈ ခုနှစ်မှ စတင်ပြီး မြန်မာနိုင်ငံ၌ စီမံကိန်းများကို လုပ်ဆောင် ခဲ့ပါသည်။ ယင်းကာလအတွင်းတွင် LWFသည် အဖွဲ့ဝင် အဖွဲ့အစည်းတစ်ခုဖြစ်သော မြန်မာနိုင်ငံ ဧဝံဂလိလူသာရမ် အသင်းတော် (ELCM)မှတဆင့် မုန်တိုင်းဒဏ်ခံစားရသူများအတွက် အရေးပေါ် အကူအညီများကို ပံ့ပိုးပေးခဲ့ပါသည်။

အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေအဖွဲ့ (LIFT) မှ ပံ့ပိုးသော တစ်နှစ်စီမံချက်ကို ဘိုကလေးမြို့နယ်ရှိ ကျေးရွာ (၁၈)ရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလတွင် စီမံကိန်းကို အပြီးသတ် လုပ်ဆောင်နိုင်ခဲ့ပါသည်။ ၂၀၁၀ခုနှစ်မှစ၍ LWF မြန်မာသည် ကျေးလက်ဘက်စုံဖွံ့ဖြိုးရေး စီမံချက် (IRDP)ကို ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ တွံတေး၊ ဖျာပုံ၊ ဒေးဒရဲနှင့် ဘိုကလေး မြို့နယ်များရှိ နာဂစ်မုန်တိုင်းဒဏ် ခံစားခဲ့ရသော ကျေးရွာ (၅၁) ရွာတွင် (၃) နှစ် စီမံချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။



## LWF အဖွဲ့၏ အားသာချက်များ

တွံတေး၊ ဒေးဒရဲ၊ ဖျာပုံနှင့် ဘိုကလေး မြို့နယ်များရှိ ကျေးရွာများတွင် ဒေသခံများနှင့်အတူ လက်တွဲလုပ်ဆောင်ခြင်းဖြင့် စီမံကိန်းသည် အောက်ပါ အားသာချက်များကို ရရှိထားပါသည်။

- ထိခိုက်ခံစားလွယ်သော ရပ်ရွာလူထုနှင့် အတူလက်တွဲဆောင်ရွက်ခြင်းမှတစ်ဆင့် ဒေသတွင်းနှင့် နိုင်ငံတော်အဆင့်ထိ ယုံကြည်မှုတည်ဆောက်ထားနိုင်ခြင်း၊
- မုန်တိုင်းဒဏ်ခံစားရသူများအား အကူအညီပေးခြင်းလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပံ့ပိုးခြင်း လုပ်ငန်းများတွင် အတွေ့အကြုံ လုံလောက်စွာ ရရှိထားခြင်း၊
- LWFအဖွဲ့အစည်းမှ အဓိထားလုပ်ဆောင်လျက်ရှိသော ရပ်ရွာလူထုကို စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းနှင့် လူ့အခွင့်အရေးအခြေပြု နည်းလမ်းကို ထိရောက်ပြီး အကျိုးရှိသော စံနမူနာအဖြစ် စီမံကိန်းလုပ်ငန်းများတွင် ပေါင်းစပ်ဆောင်ရွက်ခြင်း၊
- ခိုင်မာသော ခံယူချက်ရှိပြီး တက်ကြွသော ဝန်ထမ်းများနှင့် ချိတ်ဆက်လက်တွဲလုပ်ဆောင်ထားခြင်း၊
- ဒေသဆိုင်ရာ အာဏာပိုင်များနှင့် ယုံကြည်မှု တည်ဆောက်ထားနိုင်ခြင်း၊

## ၁. ၄. LWFအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများ

LWF အဖွဲ့အစည်းသည် ACT Alliance စတင်ဖွဲ့စည်းစဉ်ကပင် ပါဝင်ခဲ့သောအသင်းဝင်အဖွဲ့ ဖြစ်ပါသည်။ ထို့ပြင် SPHERE/ HAP/ APRODEV/ EAA/ WCC နှင့် IASC တို့တွင်လည်း အဖွဲ့ဝင်အဖြစ် ပါဝင်ပါသည်။

အထက်ဖော်ပြပါ အဖွဲ့များမှ ရရှိသော အသိပညာနှင့် အတွေ့အကြုံများသည် LWF မြန်မာ၏ စီမံကိန်းလုပ်ငန်းများအတွက် များစွာ အကျိုးရှိပါသည်။ LWF မြန်မာသည် ဒေသတွင်းရှိ လူသာရမ်အသင်းတော် (၄)ခုနှင့် ရင်းနှီးသော ဆက်ဆံရေးကိုတည်ဆောက်ထားပြီး ဆက်စပ်နေသော အဖွဲ့အစည်းများနှင့်၎င်း၊ အာရှဖုံ အရေးပေါ်နှင့် သဘာဝပတ်ဝန်းကျင် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ AZEECONနှင့်၎င်း လက်တွဲဆောင်ရွက်ခြင်းဖြင့် လူ့စွမ်းအားအရင်းအမြစ်နှင့် ပံ့ပိုးမှုများကိုရရှိပါသည်။

## အပိုင်း ၂ - မြန်မာနိုင်ငံတွင် ဆောင်ရွက်မည့် စီမံကိန်းအစီအစဉ်

**မျှော်မှန်းချက်**

"မြန်မာပြည်သူပြည်သားများသည် တရားမျှတသော လူ့ဘောင်အဖွဲ့အစည်းအတွင်းတွင် ငြိမ်းချမ်းပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်နိုင်ကြရန်၊
မတူကွဲပြားသော်လည်း စည်းလုံး ညီညွတ်စွာ အတူယှဉ်တွဲနေထိုင်နိုင်ရန်၊
အခြေခံလိုအပ်ချက်များနှင့် ဘဝအရည်အသွေးများ ပြည့်ဝသော တစ်ကမ္ဘာလုံးဆိုင်ရာ အခွင့်အရေးများကိုရယူနိုင်သည့် စွမ်းဆောင်ရည်များ မြင့်တက်လာစေရန်"

**ခံယူချက်**

"LWF မြန်မာသည် လူသားများ၏အခွင့်အရေးများကို ရယူနိုင်စေရန် အတွက် ၎င်းတို့၏ စွမ်းဆောင်ရည်များကို တိုးမြှင့်လာစေရန် ကူညီပံ့ပိုးခြင်းဖြင့် လူသားများ တွေ့ကြုံခံစားနေရသော ဆင်းရဲဒုက္ခနှင့် ဆင်းရဲနွမ်းပါးမှုများကို ဖြစ်စေသည့် အကြောင်းရင်းများနှင့် အကျိုးဆက်များကို ပပျောက်အောင် ကြိုးပမ်းဆောင်ရွက် ပါမည်။"

**ရည်မှန်းချက်ပန်းတိုင်**

"လူ့အခွင့်အရေးအခြေပြု စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းနည်းလမ်းမှ တစ်ဆင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးကိုဆောင်ရွက်ပြီး မြန်မာနိုင်ငံ၌ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကို အထောက်အကူပြုရန် "

**တန်ဖိုးထားမှုများ**

ဂုဏ်သိက္ခာကိုလေးစားခြင်းနှင့် တရားမျှတမှုရှိခြင်း
အများပါဝင်မှုဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း
တာဝန်ခံခြင်းနှင့် ပွင့်လင်းမြင်သာမှု ရှိခြင်း
ကရုဏာထားဆောင်ရွက်ခြင်း နှင့် ခိုင်မာသောခံယူချက်ရှိခြင်း



## ၂-၁ စီမံကိန်းမဟာဗျူဟာ ဦးတည်ချက်များ

စီမံကိန်းဦးတည်ချက်များချမှတ်ရာတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် ဌာနဆိုင်ရာ ကိုယ်စားလှယ်များ ပါဝင်သော အလုပ်ရုံဆွေးနွေးပွဲများ၊ IRDP စီမံချက်နှစ်လယ်လေ့လာဆန်းခြင်းအတွက် ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲများမှ ရရှိခဲ့သော အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းနှင့် ခြိမ်းခြောက်မှုများ၊ တွေ့ရှိချက်များ၊ အကြံပြုချက်များတို့ကို ထည့်သွင်းစဉ်းစားပါသည်။ မဟာဗျူဟာဦးတည်ချက်တစ်ခုစီ အလိုက် တိုးတက်ပြောင်းလဲမှုများကိုတိုင်းတာမည့် အထောက်အထားများကိုလည်း ဖော်ထုတ်သတ်မှတ်ထားပါသည်။ ယင်းအပြောင်းအလဲများသည် သက်ဆိုင်ရာ စီမံချက်များ၏ဖွံ့ဖြိုးရေးအတွက် အခြေခံဖြစ်ပါသည်။

**မဟာဗျူဟာ ဦးတည်ချက် ၁** - ရပ်ရွာပြည်သူလူထု၏ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း - သာတူညီမျှရှိပြီး ရေရှည်ဆောင်ရွက်နိုင်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ဒေသခံများ၏ ခေါင်းဆောင်မှုစွမ်းရည် နှင့် စီမံခန့်ခွဲမှုစွမ်းရည် ပိုမိုကောင်းမွန်လာစေရန်။

**မဟာဗျူဟာ ဦးတည်ချက် ၂** - ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပံ့ပိုးပေးခြင်း - ရပ်ရွာပြည်သူလူထုအား ပိုမိုကောင်းမွန်ပြီး ရေရှည်ဆောင်ရွက်နိုင်သော လူမှု-စီးပွားနှင့် သက်ဆိုင်သည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် စွမ်းဆောင်ရည်မြှင့်ပေးရန်။

**မဟာဗျူဟာ ဦးတည်ချက် ၃** - အရေးပေါ် တုံ့ပြန်မှုနှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲခြင်း - ရပ်ရွာလူထုအား သဘာဝဘေးအန္တရာယ်များကို လျော့ပါးသက်သာစေနိုင်ရန် စီမံခန့်ခွဲခြင်း နှင့် အရေးပေါ် အခြေအနေများအတွက် ကြိုတင်ပြင်ဆင်ပြီး ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်နိုင်စေရန်။

**မဟာဗျူဟာ ဦးတည်ချက် ၄** - အဖွဲ့အစည်းနှင့် သက်ဆိုင်သော ဖွံ့ဖြိုးရေးကို လုပ်ဆောင်ခြင်း - LWF မြန်မာအဖွဲ့အစည်းအား ထိရောက်ပြီးအခြေအနေနှင့် သင့်လျော်အောင် ဆောင်ရွက်နိုင်သော အဖွဲ့အစည်းဖြစ်လာစေရန်။

**မဟာဗျူဟာ ဦးတည်ချက် ၁ - ရပ်ရွာပြည်သူလူထု၏ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း - သာတူညီမျှရှိပြီး ရေရှည်ဆောင်ရွက်နိုင်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ဒေသခံများ၏ ခေါင်းဆောင်မှုစွမ်းရည် နှင့် စီမံခန့်ခွဲမှုစွမ်းရည် ပိုမိုကောင်းမွန်လာစေရန်။**

လူတစ်ဦးချင်း၊ အိမ်ထောင်စုများ၊ စိတ်တူကိုယ်တူအဖွဲ့များနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီများသည် ၎င်းတို့၏အခွင့်အရေးများအတွက် တာဝန်ရှိသူများအား စည်းရုံးဆွေးနွေးနိုင်သည့်စွမ်းရည်များ ရှိလာစေရန်နှင့် ထိုအခွင့်အရေးများကို ဖြည့်ဆည်းပေးရန် တာဝန်ရှိသူများမှလည်း လူ့အခွင့်အရေးကို လေးစားရန်၊ ကာကွယ်စောင့်ရှောက်ရန်နှင့် ဖြည့်ဆည်းပေးရန်အတွက် လိုအပ်သော စွမ်းရည်များ ရှိလာစေရန် ရည်ရွယ်ပါသည်။ LWF မြန်မာသည် စိတ်တူကိုယ်တူအဖွဲ့များနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီများအား ၎င်းတို့၏ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ကိုယ်တိုင် စီမံခန့်ခွဲနိုင်သော အသိပညာနှင့် ကျွမ်းကျင်မှုများ တိုးပွားစေမည့် စီမံချက်လုပ်ငန်းစဉ် အဆင့်ဆင့် စီမံခန့်ခွဲခြင်း၊ စာရင်းဇယားများရေးသွင်းခြင်း၊ အဆိုပြုလွှာနှင့် အစီရင်ခံစာရေးသားခြင်းစသော စွမ်းရည်မြှင့် သင်တန်းများ ပံ့ပိုးပေးပါမည်။ ထို့ပြင်အများပါဝင်သော ပူးပေါင်းဆောင်ရွက်ခြင်း၊ ရပ်ရွာအားစည်းရုံးလှုံ့ဆော်ခြင်းနှင့် ဦးဆောင်ဦးရွက်ပြုခြင်းစသည့် အယူအဆများကို သိရှိလာစေရန်လည်း ဆောင်ရွက်ပေးပါမည်။

**ပြောင်းလဲမှုကို ဖော်ပြသော အခြေအနေများ**



- ကျေးရွာဖွံ့ဖြိုးရေး ကော်မတီကဲ့သို့သော ရပ်ရွာအခြေပြု အဖွဲ့အစည်းများ၊ ဆင်းရဲနွမ်းပါးပြီး ထိခိုက်ခံစားလွယ်သည့် အိမ်ထောင်စုများ ပါဝင်ဖွဲ့စည်းထားသော စိတ်တူကိုယ်တူအဖွဲ့များသည် ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်တွင် (ပူးပေါင်းပြီး အစီအစဉ်များ ရေးဆွဲခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ကိုယ်တိုင် စောင့်ကြည့်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း တို့ကို အစ၊ အလယ်၊ အဆုံး) ကိုယ်တိုင် ဦးဆောင်နိုင်ခြင်း။
- အခွင့်အရေးခံစားခွင့်ရှိသူများ၏ ရသင့်သည့်အခွင့်အရေးများကို လေးစားပြီး ကာကွယ်ဖြည့်ဆည်းပေးရန်အတွက် တာဝန်ရှိသူများ၏ အသိပညာနှင့် ကျွမ်းကျင်မှုများ တိုးပွားလာခြင်းနှင့် အစိုးရအပေါ် ပြည်သူလူထု၏ ယုံကြည်အားကိုးမှု တိုးတက်လာခြင်း။
- ကျေးရွာအာဏာပိုင်များ၊ ကျေးရွာခေါင်းဆောင်များနှင့် ကျေးရွာလူထုတို့ အတူတကွ ပူးပေါင်းပြီး လွတ်လပ်၍ တရားမျှတသော လုပ်ထုံးလုပ်နည်းများကို တည်ထောင်နိုင်ခြင်း၊ ကျား-မ ကွဲပြားမှုပေါ် အခြေခံသော အကြမ်းဖက်မှုများ၊ မလျော်မကန်ပြုမူမှု၊ ခွဲခြားဆက်ဆံမှု၊ လူကုန်ကူးမှုနှင့် ရပ်ရွာအတွင်း အခြားအခွင့်အရေး ချိုးဖောက်မှုစသည့် ကိစ္စရပ်များကို စီမံဆောင်ရွက်တတ်လာခြင်း။
- အမျိုးသမီးများနှင့် လူငယ်များသည် မိမိအိမ်ထောင်စုအတွင်း၌သာမက စိတ်တူကိုယ်တူအဖွဲ့နှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီများတွင် ပါဝင် ပြောဆိုလာနိုင်ခြင်းနှင့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် ပါဝင်လာနိုင်ခြင်း။

၇

**မဟာဗျူဟာ ဦးတည်ချက် ၂ - ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပံ့ပိုးပေးခြင်း - ရပ်ရွာပြည်သူလူထုအား ပိုမိုကောင်းမွန်ပြီး ရေရှည်ဆောင်ရွက်နိုင်သော လူမှု-စီးပွားနှင့် သက်ဆိုင်သည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် စွမ်းဆောင်ရည်မြှင့်ပေးရန်။**

လူမှု-စီးပွားနှင့် သက်ဆိုင်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများသည် လူနေမှုဘဝကိုတိုးတက်ကောင်းမွန်စေခြင်းနှင့် ဆက်စပ်လျက်ရှိသည်။ ယေဘူယျအားဖြင့် ၎င်းလိုအပ်ချက်များမှာ ဝင်ငွေ၊ စားနပ်ရိက္ခာ၊ နေရာထိုင်ခင်း၊ ပညာရေး၊ ကျန်းမာရေး၊ သောက်သုံးရေနှင့် ထောင်စုနှစ်ရည်မှန်းချက်ပန်းတိုင်တွင် ပါဝင်သော အခြားအချက်များနှင့် ဆက်နွယ်ပါသည်။ LWF မြန်မာသည် လုပ်ငန်းလုပ်တွဲဆောင်ရွက်လျက်ရှိသော ရပ်ရွာလူထုအား အထက်ပါဝန်ဆောင်မှုများကို သက်ဆိုင်ရာအစိုးရဌာနများမှ ရရှိစေရန်နှင့် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများအတွက် ရေရှည်တည်တံ့သော နည်းလမ်းဖြင့် လုပ်ဆောင်သွားရန်၊ တာဝန်ရှိသူများအား ဝိုင်းဝန်းကူညီပေးရန် စသည့် လုပ်ငန်းများကို ပံ့ပိုးပေးမည်ဖြစ်သည်။ ပုဂ္ဂလိကကဏ္ဍနှင့် ဒေသတွင်းဈေးကွက်များကို ချိတ်ဆက်နိုင်ရန် ကူညီပံ့ပိုးမှုကိုလည်း ဆောင်ရွက်မည်ဖြစ်သည်။ လုပ်ငန်းများအားလုံးနှင့် အလားအလာရှိသော လုပ်ငန်းအဆင့်ဆင့်တွင် ကျား-မ သာတူ ညီမျှမှုရှိရေး၊ သဘာဝ ပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲခြင်းစသည့် အချက်များကို ထည့်သွင်းစဉ်းစားမည်ဖြစ်သည်။

**ပြောင်းလဲမှုကို ဖော်ပြသော အခြေအနေများ**



- အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများတက်ရောက်ခြင်း အပါအဝင် စိုက်ပျိုးရေးနှင့် အခြားလုပ်ငန်းများ လုပ်ကိုင်ခြင်းဖြင့် ဝင်ငွေတိုးတက်လာသော အိမ်ထောင်စု အရေအတွက် ပိုမိုများပြားလာခြင်း၊
- အိမ်ထောင်စုများသည် ကိုယ်တိုင်စီမံခန့်ခွဲသောအဖွဲ့၏ ငွေစုငွေချေးစနစ်မှ အကျိုးကျေးဇူး ရရှိခြင်း၊
- အရည်အသွေးပြည့်မီသော ပညာရေးကို တက်ရောက်သင်ကြားနိုင်မှု တိုးတက်လာခြင်းနှင့် ကျောင်းအပ်နှုန်း မြင့်မားလာခြင်း၊ (မိန်းကလေးများ အပါအဝင်)
- ကြိုတင်ကာကွယ်ခြင်းနှင့် ကုသခြင်းစသော ကျန်းမာရေးဝန်ဆောင်မှုများရရှိခြင်း၊ ခုခံအားကျဆင်းမှုကူးစက်ရောဂါ၊ ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါနှင့် အခြားကျန်းမာရေး အန္တရာယ်များကို ကာကွယ်ရန် လူထုကိုယ်တိုင် ပါဝင်ဆောင်ရွက်လာခြင်း၊
- သန့်ရှင်းသော သောက်သုံးရေကို သုံးစွဲခွင့်ပိုမိုရရှိလာပြီး အိမ်ထောင်စုများသည် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရည်ကျန်းမာရေးအလေ့အကျင့်များကို ကျင့်သုံးလာခြင်း၊
- ကျေးရွာတွင်းရှိ အခြေခံ အဆောက်အဦနှင့် လမ်းပန်းဆက်သွယ်ရေးများ ပိုမိုကောင်းမွန်လာခြင်း၊
- အိမ်ထောင်စုများနှင့် ရပ်ရွာလူထုသည် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အစီအစဉ်များကို လိုက်နာဆောင်ရွက်ခြင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်း စောင့်ရှောက်ခြင်းနှင့် ပြောင်းလဲလာသော ရာသီဥတုနှင့်အညီ လိုက်လျောညီထွေစွာ နေထိုင်လာကြခြင်း၊

**မဟာဗျူဟာ ဦးတည်ချက် ၃ - အရေးပေါ်တုံ့ပြန်မှုနှင့် သဘာဝဘေးအန္တရာယ်လျော့ပါးစေရန်စီမံခန့်ခွဲခြင်း - ရပ်ရွာလူထုအား သဘာဝဘေးအန္တရာယ်များမှ လျော့ပါးသက်သာစေနိုင်ရန် စီမံခန့်ခွဲခြင်း နှင့် အရေးပေါ်အခြေအနေများအတွက် ကြိုတင်ပြင်ဆင်ပြီး ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်နိုင်စေရန်။**

LWF မြန်မာအဖွဲ့အစည်းသည် နိုင်ငံတော်အစိုးရ၊ စီမံချက်လုပ်ငန်းနှင့် ဆက်နွယ်ပတ်သက်သူများနှင့် တိုင်ပင်ဆွေးနွေးလျက် အရေးပေါ်အခြေအနေများ၊ ဒုက္ခသည်များ၊ နေရပ်ပြန်သူများနှင့် နိုင်ငံတွင်းရွှေ့ပြောင်းနေထိုင်သူများ၏ ပြန်လည်ထူထောင်ရေးနှင့် လိုအပ်ချက်များကို တုံ့ပြန်ဆောင်ရွက်ပါမည်။ LWF မြန်မာသည် ရပ်ရွာလူထုအခြေပြု သဘာဝဘေးစီမံခန့်ခွဲရေး အစီအစဉ်များကို အားကောင်းအောင် ဆောင်ရွက်ခြင်း အိမ်ထောင်စုနှင့် ရပ်ရွာအဆင့် သဘာဝဘေး ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ကူညီပံ့ပိုးပါမည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းနှင့် ပြောင်းလဲလာသော ရာသီဥတုနှင့်အညီ လိုက်လျောညီထွေ နေထိုင်ခြင်းစသော အသိပညာများဖြန့်ဖြူးပေးခြင်းသည် ဤဦးတည်ချက်၏ အစိတ်အပိုင်းများဖြစ်ပါသည်။ စီမံချက် စတင်ချိန်နှင့် ပြီးဆုံးချိန် များတွင် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဆန်းစစ်လေ့လာချက် ကို အဖွဲ့အစည်းအတွင်းတွင် ဆောင်ရွက်ပါမည်။

**ပြောင်းလဲမှုကို ဖော်ပြသော အခြေအနေများ**

- ရပ်ရွာအခြေပြု သဘာဝဘေးစီမံခန့်ခွဲရေးကော်မတီခွဲများ၏ လုပ်ငန်း များ ပုံမှန်လည်ပတ်လျက်ရှိခြင်း။
- ရေရှည်တည်တံ့ရေးအတွက် အစိုးရဌာနများနှင့် အကျိုးရှိရှိထိရောက်စွာ ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ခြင်း။
- ရာသီဥတုပြောင်းလဲခြင်းကို လိုက်လျောညီထွေစွာ နေထိုင်နိုင်ခြင်း အပါ အဝင် အိမ်ထောင်စုများနှင့် ရပ်ရွာလူထုများ၏ သဘာဝဘေးကြိုတင် ကာကွယ်ရေး စီမံခန့်ခွဲမှု စွမ်းဆောင်ရည်များ တိုးမြင့်လာခြင်း။
- ရပ်ရွာအတွင်းရှိ ထိခိုက်ခံစားအလွယ်ဆုံးသူများနှင့် အဖွဲ့များအား သဘာဝဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ပြီး ၎င်းတို့၏ ဘဝကို ပြန်လည်ထူထောင်လာနိုင်အောင် လုပ်ဆောင်ခြင်း။



**မဟာဗျူဟာ ဦးတည်ချက် ၄ - အဖွဲ့အစည်းနှင့် သက်ဆိုင်သော ဖွံ့ဖြိုးရေးကို လုပ်ဆောင်ခြင်း - LWF မြန်မာအဖွဲ့အစည်းအား ထိရောက်ပြီး အခြေအနေနှင့် သင့်လျော်အောင် ဆောင်ရွက်နိုင်သော အဖွဲ့အစည်းဖြစ်လာစေရန်။**

အထက်တွင်ဖော်ပြထားသော စီမံကိန်းဦးတည်ချက်(၃)ရပ်ကို အောင်မြင်စွာဆောင်ရွက်ရန် LWF မြန်မာသည် တာဝန်ခံနိုင်သော၊ ပွင့်လင်းမြင်သာမှုရှိသော၊ အခြေအနေအမျိုးမျိုးတွင် လိုက်လျောညီထွေစွာဖြင့် အကျိုးရှိရှိဆောင်ရွက်နိုင်သော အဖွဲ့အစည်းတစ်ခုဖြစ်ရန် လိုအပ်သည်။ ထို့ကြောင့် LWFမြန်မာသည် ၎င်း၏ မဟာဗျူဟာများ၊ မူဝါဒများ၊ လမ်းညွှန်ချက်များနှင့် စီမံခန့်ခွဲမှုပုံစံများကို ပုံမှန်သုံးသပ်ပြီး ဝန်ထမ်းများ၏ စွမ်းရည်တိုးမြှင့်အောင် ဆောင်ရွက်ပါမည်။ ကျေးရွာအဆင့်မှ ဝန်ကြီးဌာနအဆင့်ထိ သက်ဆိုင်ရာ အစိုးရဌာနများနှင့် အစည်းအဝေးများပြုလုပ်ခြင်း၊ သင်တန်းများပို့ချခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်းတို့ဖြင့် သတင်းအချက်အလက်နှင့် အရင်းအမြစ်များမျှဝေကာ ယုံကြည်မှုကို တည်ဆောက်ပါမည်။ LWF မြန်မာသည် လုပ်ငန်းတူမိတ်ဖက်အဖွဲ့များနှင့် ကွန်ရက်များတွင် ပါဝင်ဆွေးနွေးခြင်းဖြင့် လုပ်ငန်းအရည်အသွေးကို တိုးမြှင့်အောင် ဆောင်ရွက်ပါမည်။

**ပြောင်းလဲမှုကို ဖော်ပြသော အခြေအနေများ**



- ဖွဲ့စည်းပုံများ၊ စနစ်များ၊ မူဝါဒများ၊ လမ်းညွှန်ချက်များနှင့် စီမံကိန်း မဟာဗျူဟာများကို အစီအစဉ်တကျ ထားရှိခြင်း။
- ဝန်ထမ်းများ စွမ်းရည်တိုးမြှင့်အောင် အစီအစဉ် ချမှတ်ဆောင်ရွက်ခြင်းဖြင့် ပေးအပ်ထားသော တာဝန်များကို ကျွမ်းကျင်စွာ ထမ်းဆောင်နိုင်သည့် ဝန်ထမ်းများ ပေါ်ထွက်လာခြင်း။
- ကျေးရွာအဆင့်မှ တိုင်းဒေသကြီး/ ပြည်နယ် အဆင့်နှင့် နိုင်ငံတော်အဆင့် အစိုးရဌာနများအထိ ထိရောက်သော အသိပေးရှင်းလင်းတင်ပြမှု၊ ညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်မှုနှင့် ပူးပေါင်းလုပ်ဆောင်မှုများ ရှိလာခြင်း။
- ဒေသတွင်းမှသည် နိုင်ငံတကာအဆင့်အထိ မိတ်ဖက်အဖွဲ့များ၊ ကွန်ရက်များတွင် တက်ကြွစွာ ပါဝင်ဆွေးနွေးဆောင်ရွက်ခြင်း။
- စီမံချက်လုပ်ငန်းနှင့် ဆက်နွယ်ပတ်သက်သူများအားလုံးသည် (LWF/ DWS၊ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ အလှူရှင်များ၊ နိုင်ငံတော်အစိုးရ၊ ရပ်ရွာလူထုအခြေပြု အဖွဲ့အစည်းများ၊ ဦးတည်အုပ်စုများနှင့် ဝန်ထမ်းများ) ဆက်စပ်မှုရှိပြီး ရှင်းလင်းသော သတင်းအချက်အလက်များကို အချိန်နှင့် တပြေးညီ ရရှိခြင်း။
- ဤမဟာဗျူဟာ အစီအစဉ် ပြီးစီးအောင်မြင်ရန် လိုအပ်သော အရင်းအမြစ်များကို တာဝန်သိစွာဖြင့် ပြင်ဆင် စီမံခန့်ခွဲလာခြင်း။

## ချိတ်ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများ



**LWF** မြန်မာသည် လုပ်ငန်းတိုင်းတွင် ကျား-မ တန်းတူညီမျှရေး၊ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲလာမှုတို့ကို လုပ်ငန်းတိုင်းတွင် ထည့်သွင်းဆောင်ရွက်ပါမည်။ လူ့အခွင့်အရေးအခြေပြု စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းကို ဆောင်ရွက်ရာတွင် အသက်အရွယ်၊ ကျား-မ မရွေး စစ်မှန်သော ပါဝင်မှုရှိမှသာလျှင် လုပ်ငန်းများအောင်မြင်မည် ဖြစ်ပါသည်။ ထို့အတူ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို ရရှိရန်အတွက်လည်း သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲလာမှုကြောင့် ဖြစ်ပေါ်လာသော ကိစ္စရပ်များကို သင့်လျော်သော စီမံမှုများ ဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။



## ၂-၂ မဟာဗျူဟာကျ နည်းလမ်းများ

### လူ့အခွင့်အရေးအခြေပြု စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း

စွမ်းရည်မြှင့်တင်ပေးခြင်းသည် လူတစ်ဦးချင်း၊ မိသားစု၊ အဖွဲ့များနှင့် ရပ်ရွာလူထုကိုစွမ်းဆောင်ရည်နှင့် ယုံကြည်မှုများ ရရှိလာအောင် အားပေးကူညီပေးပြီး ရလဒ်ကောင်းများ ထွက်ပေါ်အောင် လုပ်ဆောင်ပေးသော လုပ်ငန်းစဉ်ဖြစ်ပါသည်။ လူ့အခွင့်အရေးအခြေပြု စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း ဆိုသည်မှာ နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြဋ္ဌာန်းဥပဒေများ၊ မူဝါဒများ၊ နိုင်ငံတကာ သဘောတူညီချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် ထောင်စုနှစ်ဖွံ့ဖြိုးရေး ရည်မှန်းချက်ပန်းတိုင်များတွင် ဖော်ပြထားသော လူ့အခွင့်အရေးများကို လေးစားရန်၊ ကာကွယ်စောင့်ရှောက်ရန်နှင့် ဖြည့်ဆည်းပေးရန် အခွင့်အရေးခံစားခွင့်ရှိသူများနှင့် တာဝန်ရှိသူများအားလုံး သိမြင်နားလည်လာအောင် လုပ်ဆောင်ပေးခြင်း ဖြစ်ပါသည်။

လူထုနှင့်ရပ်ရွာ အခြေပြုအဖွဲ့အစည်းများသည် အသိပညာများ တိုးတက်လာပြီးၛင်းတို့၏ဘဝကို ကိုယ်တိုင်စီမံခန့်ခွဲနိုင်သည့် အသိပညာ၊ ကျွမ်းကျင်မှုနှင့်ခံယူချက် သဘောထားများ ရှိလာစေရန် LWF မြန်မာသည် လူအများ ပူးပေါင်းပါဝင်အောင် ဆောင်ရွက်ခြင်းနည်းလမ်းကို အသုံးပြုပါမည်။ LWF မြန်မာသည် လူတစ်ဦးချင်းစီတွင်ရှိသော ကိုယ်ပိုင်စွမ်းရည်များပေါ်ထွက်လာစေရန် လှုံ့ဆော်ပေးရန် လိုအပ်သည်ဟု ယုံကြည်ပါသည်။ အရင်းအမြစ်များကို ကိုယ်တိုင်စီမံသုံးစွဲနိုင်ရန် အရေးကြီးကြောင်း ကျေးရွာအဆင့် ရပ်ရွာလူထုအားလုံးသိရှိအောင် LWF မြန်မာမှ ဆောင်ရွက်ပါမည်။ ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်နှင့် ကျေးရွာအဆင့်ရှိ သက်ဆိုင်ရာအစိုးရဌာနများမှ ဝန်ဆောင်မှုနှင့် အရင်းအမြစ်များကို ရယူသုံးစွဲနိုင်ခြင်းလည်း ပါဝင် ပါသည်။ တစ်ချိန်တည်းမှာပင် LWF မြန်မာသည် စီမံချက်လုပ်ငန်းများနှင့် ရပ်ရွာလူထုအခြေပြုအဖွဲ့အစည်းများ၊ အိမ်ထောင်စုများအတွက် သက်ဆိုင်ရာအစိုးရဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန် ပံ့ပိုးပေးပါမည်။ ထို့ပြင် ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးသူများ၏ အခွင့်အရေးများကို ဖြည့်ဆည်းပေးရန် သက်ဆိုင်ရာ ဌာနများနှင့်ပူးပေါင်း၍ ဆောင်ရွက်သွားပါမည်။ ကျေးရွာများတွင် တာဝန်ထမ်းဆောင်နေသော LWF မြန်မာဝန်ထမ်းများသည် စွမ်းဆောင်ရည် မြှင့်တင်ပေးသော လုပ်ငန်းကို အဓိကဆောင်ရွက်ပေးသူများ ဖြစ်ပါသည်။



## ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်ခြင်း

LWF မြန်မာသည် လူ့အခွင့်အရေးအခြေပြု စွမ်းဆောင်ရည် မြှင့်တင်ပေးသော နည်းလမ်းနှင့်အညီ တာဝန်ရှိသူများ၏ စွမ်းရည်အားကောင်းလာစေရန် ဆောင်ရွက်ပါမည်။ ဆောင်ရွက်ဆဲ စီမံချက်များတွင် သက်ဆိုင်ရာအစိုးရဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဝန်ဆောင်မှုများ ပိုမိုအားကောင်းစေရန် ဆောင်ရွက်ပါသည်။ သက်ဆိုင်ရာ အစိုးရဌာနများရှိ နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်သူများကို အသုံးပြု၍ အရင်းအမြစ်ခွဲဝေသုံးစွဲခြင်းကို အားပေးဆောင်ရွက်ပါသည်။ ယင်းလုပ်ငန်းစဉ်မှတဆင့် အခွင့်အရေးခံစားခွင့်ရှိသူများနှင့် တာဝန်ရှိသူများ အကြား နှစ်ဦးနှစ်ဘက်နားလည်မှုနှင့် အကျိုးရှိသောပြောင်းလဲမှုများရရှိလာပါသည်။ ထို့ကြောင့် LWF မြန်မာ၏ အခန်းကဏ္ဍမှာ အခွင့်အရေး ခံစားခွင့်ရှိသူများနှင့် တာဝန်ရှိ သူများအကြား ကွာဟမှုများကို ဖြည့်ဆည်းပေးရန် မဟုတ်ဘဲ ထိုကွာဟချက်ကို နည်းနိုင်သမျှနည်းအောင် ကူညီပံ့ပိုးပေးရန် ဖြစ်ပါသည်။ LWF မြန်မာသည် လူထုဘဝ သာယာဝပြောရေးအတွက် သက်ဆိုင်ရာ အစိုးရဌာနများအား အသိပေးတင်ပြခြင်းကို ရပ်ရွာလူထုနှင့် လက်တွဲ လုပ်ဆောင်ပါမည်။ စွမ်းဆောင်ရည် မြှင့်တင်ပေးသော လုပ်ငန်းစဉ်မှ တစ်ဆင့် အစိုးရဝန်ဆောင်မှုများအတွက် ရပ်ရွာလူထု၏ တောင်းဆိုချက်များ ပိုမိုထွက်ပေါ်လာမည်ဟု မျှော်လင့်ပါသည်။



## ဘက်စုံတိုးတက်ရေးနည်းလမ်း

ဘက်စုံတိုးတက်ရေးနည်းလမ်းဆိုသည်မှာ တစ်ဦးချင်း၊ အဖွဲ့လိုက်နှင့် ရပ်ရွာလူထုများ၏ အခွင့်အရေးများနှင့် လိုအပ်ချက်များကို ဖော်ထုတ်ပေးပြီး လူထုဘဝနှင့် သက်ဆိုင်သည့် ကဏ္ဍများအတွက် လုပ်ဆောင်ပေးသော စီမံကိန်းတစ်ခုဖြစ်ပါသည်။ လူ့အခွင့်အရေးအခြေပြု စွမ်းဆောင်ရည်မြှင့်တင်ပေးသော နည်းလမ်းဖြင့် အခွင့်အရေးများကို ဖြည့်ဆည်းပေးရန် မျှော်မှန်းသကဲ့သို့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနည်းလမ်းဖြင့်လည်း အလုံးစုံဖွံ့ဖြိုးတိုးတက်ရန် မျှော်မှန်းပါသည်။ ထို့ပြင် လူမှုဘဝသာယာဝပြောရေးနှင့် ဂုဏ်သိက္ခာရှိရှိ နေထိုင်နိုင်သောဘဝကိုရရှိရေးအတွက် လုပ်ဆောင်သောလုပ်ငန်းစဉ်ကိုလည်း ထည့်သွင်းဆောင်ရွက်ပါသည်။ လုပ်ငန်းအစိတ်အပိုင်းအသီးသီးသည် အခြားလုပ်ဆောင်ချက် အစိတ်အပိုင်းများ၊ အခြေအနေများ၊ ပတ်ဝန်းကျင်အနေအထားစသည်တို့နှင့် အပြန်အလှန် ချိတ်ဆက်နိုင်သော (သို့) အကျိုးသက်ရောက်မှုရှိသော နည်းလမ်းများကို ထည့်သွင်းစဉ်းစားပါမည်။ ထို့ကြောင့် LWF မြန်မာသည် ဦးတည်အုပ်စုများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးတက်ကောင်းမွန်လာရန် ထည့်သွင်းစဉ်းစားပြီး ရပ်ရွာလူထု၏ လိုအပ်ချက်များကို ဘက်စုံတိုးတက်ရေး နည်းလမ်းဖြင့် ဆောင်ရွက်ပါမည်။



## ၂. ၃ စီမံကိန်းဆောင်ရွက်ရန်လျာထားသည့် ဒေသများ

LWF မြန်မာသည် ပထဝီဝင်အနေအထားအရ စီမံချက်လုပ်ငန်းများကို ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသတွင် အဓိကထား ဆက်လက်ဆောင်ရွက်သွားပါမည်။ တစ်ချိန်တည်းမှာပင် ဤမဟာဗျူဟာကာလအတွင်း ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီး အတွင်းရှိမြို့နယ်/ကျေးရွာများသို့လည်း လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အသစ်တိုးချဲ့သောဒေသများတွင် ကျေးရွာတစ်ခုချင်းစီအစား မြို့နယ်တစ်ခုလုံးကို ဦးတည် ဆောင်ရွက်သွားပါမည်။ ထိုနည်းလမ်းဖြင့် ဘက်စုံတိုးတက်သော လူ့အခွင့်အရေးအခြေပြု စွမ်းဆောင်ရည်မြှင့်တင်ပေးသော နည်းလမ်းကို ကျင့်သုံးရန် ပိုမိုလွယ်ကူပါမည်။ အဘယ့်ကြောင့်ဆိုသော် နိုင်ငံတော်အစိုးရမှ အရင်းအမြစ်များနှင့် ဝန်ဆောင်မှုများကို မြို့နယ်အဆင့်တွင် စီမံခန့်ခွဲခြင်းကြောင့် ဖြစ်ပါသည်။ သို့ရာတွင် LWF မြန်မာသည် စီမံကိန်းလုပ်ငန်းများကို လုပ်ဆောင်ရန် ခွင့်ပြုထားသောဒေသများ၌သာ လုပ်ငန်းများဆောင်ရွက်မည် ဖြစ်ပါသည်။

**နယ်မြေသစ်များတွင် စီမံကိန်းလုပ်ငန်းများ ဝင်ရောက်ဆောင်ရွက်ရန်အတွက် သတ်မှတ်ချက်များ**

- ဆင်းရဲနွမ်းပါးမှုအများဆုံး၊ အဝေးလံဆုံးနှင့် ဝန်ဆောင်မှု နည်းပါးစွာရရှိသောမြို့နယ်များ၊
- LWF မြန်မာနှင့် လက်တွဲလုပ်ဆောင်နေသော မိတ်ဖက်အဖွဲ့အစည်းများ၏ စီမံကိန်း လုပ်ငန်းများ လက်ရှိဆောင်ရွက်နေသော မြို့နယ်များ၊ ကျေးရွာအုပ်စုများ၊ ကျေးရွာများနှင့် နီးကပ်စွာရှိသော ဒေသများ၊
- ဒုက္ခသည်များနှင့် နိုင်ငံတွင်းရွှေ့ပြောင်းနေထိုင်သူများအတွက် ပြန်လည်နေရာချထားရန် အလားအလာ အရှိဆုံးဒေသများ၊
- LWF မြန်မာတွင်ရှိသော အားသာချက်များသည် လူအများ၏လိုအပ်ချက်များနှင့် သင့်တော်မှုရှိပြီး အခြားလူသားချင်းစာနာသောအဖွဲ့များ၊ ဖွံ့ဖြိုးရေးအဖွဲ့များထံမှ ပံ့ပိုးမှု လုံလောက်စွာမရရှိသော ဒေသများ၊
- သဘာဝဘေးကျရောက်နိုင်သော ရာခိုင်နှုန်းများသော်လည်း ကြိုတင်ပြင်ဆင်ထားခြင်း မရှိသော (သို့) နည်းသောဒေသများ၊
- လူသားချင်း စာနာထောက်ထားရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်နေသော အဖွဲ့များမှ လုံလောက်သော ပံ့ပိုးမှုမရရှိသောဒေသများ (သို့) အစိုးရဝန်ဆောင်မှု အနည်းငယ်သာရရှိသောဒေသများ၊



## ၂. ၄ ဦးတည်အုပ်စုများ

**LWF** မြန်မာသည် သဘာဝဘေးဒဏ်ကို ထိခိုက်ခံစားရသူများ၊ လူမှုစီးပွားနယ်ပယ်တွင် ထိခိုက်ခံစားလွယ်သူများနှင့်အတူ လက်တွဲလုပ်ကိုင်ပါမည်။ စီမံကိန်းသည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ၊ စိတ်တူကိုယ်တူအဖွဲ့များ၊ ရပ်ရွာလူထုအခြေပြု သဘာဝဘေး စီမံခန့်ခွဲမှုကော်မတီများ၊ လူမှုစီးပွားရေးဆိုင်ရာ ထိခိုက်ခံစားလွယ်သော အိမ်ထောင်စုများ ကဲ့သို့သော ရပ်ရွာအဖွဲ့အစည်းများ အားကောင်းလာစေရန် အဓိကထားဆောင်ရွက်ပါမည်။ **LWF** မြန်မာသည် ဦးတည်အုပ်စုများတွင် သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ ခုခံအားကျဆင်းမှုရောဂါပိုး ကူးစက်ခံထားရသူများကို ထည့်သွင်းထားပါသည်။ ထိုသူများအား အခွင့်အလမ်းသစ်များနှင့်/ (သို့) ဝန်ဆောင်မှုများကို တန်းတူညီတူရရှိနိုင်ရန် အတွက် ဆောင်ရွက်ပါမည်။

**အဓိကဦးတည်အုပ်စုများမှာအောက်ပါအတိုင်းဖြစ်ပါသည်။**

- သဘာဝဘေးဒဏ်ခံစားရသူများ(သဘာဝဘေးမှလွတ်မြောက်လာသူများ၊ နိုင်ငံတွင်း ရွှေ့ပြောင်းနေထိုင်သူများ၊ နေရပ်သို့ပြန်လာသူများ၊ အထူးသဖြင့် ထိခိုက်ခံစား လွယ်သူများ)
- လူမှုစီးပွားရေးအရ ထိခိုက်ခံစားလွယ်သူများ (အိမ်ထောင်စု သာယာဝပြောမှု အခြေပြု အဆင့်အတန်းအရ ရပ်ရွာမှ ဖော်ထုတ်ပေးသော အိမ်ထောင်စုများ၊ အခြားသော နိုင်ငံရေး၊ လူမှုရေး (သို့) ယဉ်ကျေးမှုအရ ပတ်ဝန်းကျင်မှခွဲခြားသတ်မှတ်ခြင်း ခံထားရသူများနှင့် ထိခိုက်ခံစားလွယ်သော အမျိုးသမီးများ၊ ကလေးသူငယ်များ (အသက် ၆နှစ်မှ ၁၅ နှစ်ထိ)နှင့် လူငယ်များ (အသက် ၁၆ နှစ်မှ ၂၅ နှစ်ထိ) )
- ရပ်ရွာလူမှုအဖွဲ့အစည်းများ (ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ရပ်ရွာလူထုအခြေပြု သဘာဝဘေး စီမံခန့်ခွဲမှုကော်မတီ၊ စိတ်တူကိုယ်တူအဖွဲ့များ၊ ကွန်ရက်များနှင့် အခြားရပ်ရွာအခြေပြု အဖွဲ့အစည်းများ)
- အဆင့်အသီးသီးမှ အစိုးရအဖွဲ့အစည်းများ (နိုင်ငံတော်အစိုးရကျေးရွာအုပ်ချုပ်ရေး အဖွဲ့၊ စာသင်ကျောင်းများ၊ ကျေးလက်ကျန်းမာရေးဌာနများနှင့် ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်သန့်ရှင်းရေး၊ စိုက်ပျိုးရေး၊ ဆည်မြောင်း၊ မွေးမြူရေး၊ လမ်းပန်း ဆက်သွယ်ရေးနှင့် သက်ဆိုင်သောဌာနများ)



## ၂. ၅ မဟာမိတ်အဖွဲ့များ

LWVF မြန်မာသည် လူ့အခွင့်အရေး အခြေပြုစွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းကို ထိရောက်မှုရှိစေရန် ရည်ရွယ်ချက်တူသော ဒေသခံအဖွဲ့များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် မဟာမိတ်ဖွဲ့၍ စုပေါင်းဆောင်ရွက်ခြင်းဖြင့် အကျိုးသက်ရောက်မှု အများဆုံးရရှိအောင် လုပ်ဆောင်ပါသည်။ LWVF မြန်မာသည် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၏ ဆွေးနွေးပွဲနှင့် ကဏ္ဍတူလုပ်ငန်းအစုအဖွဲ့များ၊ လူသားချင်း စာနာထောက်ထားသော အဖွဲ့များနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ဆောင်နေသော ကုလသမဂ္ဂနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လက်တွဲ၍ ဆက်လက်ဆောင်ရွက်ပါမည်။ LWVF မြန်မာသည် စီမံကိန်းလုပ်ငန်းများ လက်ခံဆောင်ရွက်လျက်ရှိသော လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန (MoSWRR) လက်အောက်ရှိကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးဌာန (RRD) နှင့် စီမံကိန်းကိစ္စရပ်များကို တိုင်ပင်ဆွေးနွေးပြီး လုပ်ငန်းဆောင်ရွက်ရာတွင်လည်း အဆိုပါဌာနများ ပါဝင်ရန် ဖိတ်ခေါ်ပါမည်။

အစီရင်ခံတင်ပြခြင်း၊ အတွေ့အကြုံများမျှဝေခြင်း၊ အကြံဉာဏ်တောင်းခံခြင်းဖြင့် LWVFနှင့် ဆက်စပ်နေသောအဖွဲ့အစည်းများနှင့် ရင်းနှီးသောဆက်ဆံရေးကို ဆက်လက်ထားရှိပါမည်။

## ၂. ၆ စီမံကိန်းကာလ

စီမံကိန်းလုပ်ငန်းများအတွက် ချမှတ်ထားသော မဟာဗျူဟာ၏ သက်တမ်းမှာ ၂၀၁၃ မှ ၂၀၁၈ ခုနှစ် အထိ (၆) နှစ်ဖြစ်ပါသည်။ အဖွဲ့အစည်းမှ ချမှတ်ထားသော လမ်းညွှန်ချက်များနှင့် အညီ မဟာဗျူဟာစီမံကိန်းကို (၃) နှစ်တာ စီမံကိန်းအစီအစဉ် နှင့် နှောင်းပိုင်းကာလ စီမံချက်အစီအစဉ်များ အတိုင်း လုပ်ဆောင်သွားမည် ဖြစ်ပါသည်။

မဟာဗျူဟာစီမံကိန်း တတိယမြောက်နှစ်ဖြစ်သော ၂၀၁၅ ခုနှစ်အကုန်တွင် စီမံချက်ကာလလယ် ပြန်လည်သုံးသပ်ချက်ကို လုပ်ဆောင်သွားမည် ဖြစ်ပါသည်။ (လုပ်ငန်းပိုင်းတွင် အပြောင်းအလဲများရှိပါက လိုအပ်လျှင် ထို့ထက်စော၍ ဆောင်ရွက်ပါမည်။)



## ၂.၇ ရေရှည်တည်တံ့အောင် လုပ်ဆောင်ခြင်း

LWF မြန်မာအဖွဲ့၏ လူ့အခွင့်အရေးအခြေပြု စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း လုပ်ငန်းသည် စွမ်းရည်မြင့်သောအဖွဲ့များနှင့် အိမ်ထောင်စုများ ဖြစ်ပေါ်လာအောင် ပြုလုပ်ပေးပါသည်။ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းဆိုသည်မှာ မိတ်ဖက်ရပ်ရွာလူထုသည် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ၎င်းတို့ကိုယ်တိုင် စီမံဆောင်ရွက်ပြီး အခွင့်အရေးနှင့် တာဝန်များကို အပြည့်အဝသိရှိနားလည် သဘောပေါက်ရန် ဖြစ်ပါသည်။ တစ်ချိန်တည်း၌ တာဝန်ရှိသူများထံမှ ဝန်ဆောင်မှုများနှင့် အရင်းအမြစ်များကို ရှာဖွေဖော်ထုတ်ရန် ကျွမ်းကျင်မှုလည်းရှိရပါမည်။ ဤလုပ်ငန်းစဉ်တွင် ကျား-မ အခွင့်အရေးတန်းတူညီမျှမှု ၊သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုနည်းအောင်ဆောင်ရွက်မှုနှင့် ပဋိပက္ခကိစ္စရပ်များကို ထည့်သွင်းစဉ်းစားရန်လည်း အရေးကြီးပါသည်။

အခွင့်အရေးဖြည့်ဆည်းရန် တာဝန်ရှိသူများနှင့် အခွင့်အရေးကိုခံစားခွင့်ရှိသူများအကြား ကွာဟချက်များကို နည်းစေရန် အပြန်အလှန်ပံ့ပိုးခြင်းနှင့် မိတ်ဖက်ဆောင်ရွက်ခြင်း နည်းလမ်းများပေါ်ပေါက်လာရန် စီမံကိန်းမှ ပံ့ပိုးပေးပါမည်။ LWF မြန်မာ၏ အခန်းကဏ္ဍမှာ ထိုကွာဟချက်များကို ဖြည့်ဆည်းပေးရန်(သို့) နိုင်ငံတော်၏ ဝန်ဆောင်မှု အခန်းကဏ္ဍကို ဖြည့်ဆည်းပေးရန် မဟုတ်ပါ။ LWF မြန်မာသည် လူ့အခွင့်အရေးကို အခြေပြုသော ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းကို လုပ်ဆောင်ပါသည်။ ထိုနည်းလမ်းသည် ဝန်ဆောင်မှုပေးခြင်းနှင့် ကဏ္ဍအလိုက် စီမံကိန်းလုပ်ဆောင်ခြင်းများနှင့် မတူညီပါ။

LWF မြန်မာ၏ မဟာဗျူဟာကာလအတွင်း စီမံကိန်းများကို ရပ်ဆိုင်းခြင်း(သို့) နိုင်ငံသားပိုင်စီမံကိန်းအဖြစ်ပြောင်းလဲဆောင်ရွက်ရန် အစီအစဉ်မရှိပါ။ သို့ရာတွင် LWF မြန်မာသည် ဤစီမံကိန်းကာလ (၂၀၁၃ မှ ၂၀၁၈ ခုနှစ်)၏ ပထမ(၃)နှစ်ကာလတွင် အတွေ့အကြုံ များရယူပြီးနောက် စီမံကိန်းဒေသများကိုတိုးချဲ့ရန်နှင့် နိုင်ငံသားများ ဦးဆောင်သော စီမံကိန်းများအဖြစ် နိုင်ငံသားဝန်ထမ်းများနှင့် ရှေ့ဆက်ဆောင်ရွက်သွားရန်၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရန်ဆောင်ရွက်သွားမည် ဖြစ်သည်။ နိုင်ငံသားများ ဦးဆောင်သော စီမံကိန်းအဖြစ် ပြောင်းလဲရန် ယခုကာလတွင် သတ်မှတ်ထားခြင်း မရှိသော်လည်း ဤမဟာဗျူဟာ စီမံကိန်းကာလပြီးဆုံးသည့် နောက်ဆုံးအကဲဖြတ် သုံးသပ်ချက်တွင် ဆွေးနွေးရန် အရေးကြီးသော အစိတ်အပိုင်း ဖြစ်ပါမည်။



## အပိုင်း ၃ - အရင်းအမြစ်များ

LWF မြန်မာသည် လာမည့် ၆ နှစ်တာကာလအတွင်း မြစ်ဝကျွန်းပေါ်ဒေသအပြင် အခြားဒေသများသို့လည်း လုပ်ငန်းများတိုးချဲ့ရန် မျှော်မှန်းထားပါသည်။ ဤသို့ လုပ်ဆောင်ရန်အတွက် စီမံကိန်းသည် အဆင့်ဆင့် စွမ်းဆောင်ရည် မြှင့်တင်ပေးသော လုပ်ငန်းစဉ်ကို လက်ရှိလုပ်ငန်းများနှင့် ပေါင်းစပ်လုပ်ဆောင်ခြင်းဖြင့် ဆက်လက် လုပ်ဆောင်သွားပါမည်။ ထို့အပြင် ဝန်ထမ်းများ၊ နယ်မြေသစ်ရှိ လုပ်ငန်းတူ ဆောင်ရွက်သူများနှင့် မြန်မာနိုင်ငံအတွင်းရှိ ဖွံ့ဖြိုးရေးလုပ်ကိုင်သူများအား သင်တန်းများ ပေးခြင်းနှင့် လက်တွေ့ကွင်းဆင်းလုပ်ဆောင်ခြင်းများကို အလွယ်တကူ သွားရောက်နိုင်သော စီမံချက် ဒေသများတွင် လုပ်ဆောင်သွားပါမည်။

ယခုအခါ LWF မြန်မာသည် စီမံကိန်းများ ဆက်လက်ဆောင်ရွက်ရန် ရန်ပုံငွေကို LWFနှင့် ဆက်စပ်နေသော အဖွဲ့အစည်းများပေါ်တွင် များစွာမှီခိုနေရပါသည်။ စီမံကိန်းအနေဖြင့် လုပ်ငန်းများပိုမိုထိရောက်ပြီး ရေရှည်တည်တံ့အောင် တိုးချဲ့ဆောင်ရွက်ရန် လိုအပ်နေပါသည်။ ထို့ကြောင့် ဆက်စပ်လုပ်ဆောင်သော အဖွဲ့အစည်းများနှင့် လက်တွဲကာ ရန်ပုံငွေပုံမှန်နှင့် တိုးမြင့်ရရှိရန် လိုအပ်သကဲ့သို့ အခြားအရင်းအမြစ်များမှလည်း ရန်ပုံငွေများရရှိအောင် လုပ်ဆောင်ရန် လိုအပ်နေပါသည်။



# အပိုင်း ၄ စီမံခန့်ခွဲမှု

## ၄. ၁ အန္တရာယ်ဖြစ်နိုင်ချေနှင့် ကြိုတင်မှန်းဆချက်

အန္တရာယ်ဖြစ်နိုင်ချေနှင့် ကြိုတင်မှန်းဆဆောင်ရွက်ချက်ကို အဖွဲ့အစည်းပြင်ပနှင့် အဖွဲ့အစည်းတွင်းလုပ်ငန်းများဟူ၍ ခွဲခြားသတ်မှတ်ထားပြီး ယင်းအချက်များ၏ ဆိုးကျိုးသက်ရောက်မှုကိုနည်းပါးအောင် လုပ်ဆောင်ခြင်းအပေါ် နှစ်စဉ်အကြံပြု ဖော်ပြထားပါသည်။

### အဖွဲ့အစည်းပြင်ပလုပ်ငန်းများ၏ အန္တရာယ်ဖြစ်နိုင်ချေများ

လတ်တလော ဆန်းစစ်ချက်အရ အဓိကဖြစ်နိုင်ချေသည် မြန်မာနိုင်ငံတွင် လက်ရှိ ဖြစ်ပွားနေသော နိုင်ငံရေး၊ စီးပွားရေး အသွင်ကူးပြောင်းမှုများနှင့် နိုင်ငံတွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုအပေါ် ယင်းအပြောင်းအလဲများ၏ သက်ရောက်မှုနှင့် သက်ဆိုင်ပါသည်။ လမ်းပမ်းဆက်သွယ်ရေး၊ လျှပ်စစ်ဓါတ်အား၊ ဆက်သွယ်ရေးနှင့် ဘဏ်လုပ်ငန်အခြေခံ အားနည်းခြင်းတို့ကိုလည်း စိန်ခေါ်မှုအဖြစ်ထည့်သွင်း စဉ်းစားထားပါသည်။ ဖော်ပြပါစိန်ခေါ်မှုများနှင့် ပတ်သတ်သော အကြံပြုချက်များမှာ လုပ်ငန်းအဆင့်တိုင်းတွင် ရင်းနှီးသောဆက်ဆံရေး တည်ဆောက်ခြင်းနှင့် တိုးတက်ကောင်းမွန်အောင်ပြုလုပ်ခြင်းသည် အဓိကကျပြီး အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ခြင်း ကျင့်ဝတ်နှင့် သတ်မှတ်စံနှုန်းများကိုလည်း အသားပေးဖော်ပြထားပါသည်။



## ၄. ၂ လုပ်ငန်းများအား ပြန်လည်သုံးသပ်သည့် နည်းလမ်းများ

LWF မြန်မာစီမံကိန်းသည် ပြီးပြည့်စုံသော စောင့်ကြည့်လေ့လာသည့်စနစ် ရှိပါသည်။ စီမံချက် အစီအစဉ်နှင့် အောင်မြင်မှုများ၊ ရန်ပုံငွေနှင့် အသုံးစရိတ် စသည်တို့နှင့်ယှဉ်တွဲကာ စောင့်ကြည့် လေ့လာသည့်အပြင် လုပ်ငန်းများအားလုံးကိုလည်းချမှတ် ထားသော ဦးတည်ချက် အတိုင်းကိုက်ညီအောင် လုပ်ဆောင်ပါသည်။ လုပ်ငန်း ဆောင်ရွက်မှုများအား ထိရောက်ပြီး တိကျသေချာစေရန်နှင့် ရေရှည်တည်တံ့စေရန် ရည်ရွယ်ပါသည်။

အရေးကြီးဆုံးမှာ အဓိကဦးတည်အုပ်စုများအား လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ တာဝန်ခံမှု ရှိစေရန်ဖြစ်သည်။ ရင်းနှီးမြှုပ်နှံလိုက်သော အရင်းအမြစ်များနှင့် ကြိုးပမ်းအားထုတ်မှုများသည် အမှန်တကယ် ဦးတည်အုပ်စုများအား ဦးစားပေး ထည့်သွင်းစဉ်းစားပြီး ၎င်းတို့ဘဝ ပြောင်းလဲ လာစေရန် ဆောင်ရွက်ခြင်း ဖြစ်သည်။

မြို့နယ်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာအာဏာပိုင်များ၊ ကော်မတီများနှင့် မိတ်ဖက်အိမ်ထောင်စု များသည် ပူးပေါင်းဆောင်ရွက်သော နည်းလမ်းမှတဆင့် ၎င်းတို့၏စွမ်းရည်နှင့် စီမံချက်ရလဒ် များကို အစီအစဉ်များရေးဆွဲခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ဆန်းစစ်ခြင်းဖြင့် လေ့လာသင်ယူကြပါမည်။ ထိုစီမံကိန်းများသည် အမျိုးသားအဆင့် အစီအစဉ်များ၊ မဟာ ဗျူဟာများနှင့် ချိတ်ဆက်မှုရှိပြီး ရလဒ်များကို စီမံကိန်းဦးတည်ချက်နှင့် ချိတ်ထားသော ညွှန်းကိန်းများဖြင့် ဖော်ပြပါသည်။

## ၄. ၃ စီမံခန့်ခွဲမှုဖွဲ့စည်းပုံ

ဘဏ္ဍာရေး၊ စီမံကိန်းနှင့် နိုင်ငံသားဝန်ထမ်းများလိုက်နာရန် စည်းမျဉ်းများ၊ မူဝါဒများနှင့် အလေ့အကျင့်ကောင်းများသည် လုပ်ငန်းပိုင်းဆိုင်ရာ ဆက်စပ်မှု၊ ထိရောက်မှု၊ လုပ်ငန်း တွင်ကျယ်မှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှု ရှိစေပါသည်။ LWFသည်ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို နှစ်ပေါင်း ၆၀ကျော် လုပ်ဆောင်ခဲ့သည့် အတွေ့အကြုံရှိခဲ့ပြီး နယ်မြေဒေသနှင့်ကိုက်ညီသည့် ဆန်းစစ်လေ့လာမှုများ ပြုလုပ်ခြင်းကြောင့် စီမံကိန်းတွင် အရေးပါသော လုပ်ဆောင်ချက်များအားလုံးကို ခြုံငုံမိစေပါသည်။

LWF ၏စီမံခန့်ခွဲသည့် လုပ်ငန်းစဉ်မှာ ပြည်တွင်းပြည်ပဝန်ထမ်းများအားလုံးကို ဆုံးဖြတ်ချက်ချ သည့်လုပ်ငန်းတွင် ပါဝင်စေခြင်းဖြင့် ပူးပေါင်းဆောင်ရွက်မှုနှင့် လူအများပါဝင် မှုကို အားပေးလက်ခံဆောင်ရွက်ပါသည်။ ဝန်ထမ်းများ၏ တက်ကြွသော ပူးပေါင်း ဆောင်ရွက်မှုသည် ဦးတည်အုပ်စုများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးသကဲ့သို့ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကိုလည်း တိုးတက်စေပါသည်။



LWF Myanmar

အမှတ် ၄၄၊ ပြည်လမ်း၊ ဘီဓမ္မာဟာန်း၊ ဒဂုံမြို့နယ်၊

ရန်ကုန်တိုင်းဒေသကြီး

ဖုန်း (၀၉၅) ၉၄၉၄၂၂၃၅၇

ဝက်ဆိုဒ် www.lwfmyanmar.org

THE LUTHERAN WORLD FEDERATION

a member of actalliance actalliance